# မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သောငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စာသင်ကျောင်းများကို အရေးပေါ် ကူညီထောက်ပံ့မှုပစ္စည်းများ ပေးအပ်ခြင်း

(အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ် လူ့ပတ်ဝန်းကျင်ဘေးကင်းလုံခြုံရေးပူးပေါင်းကူညီရေး စီမံကိန်း)

၂၀၂၅ ခုနှစ် ဧပြီလ ၁၁ ရက်

မြန်မာနိုင်ငံအလယ်ပိုင်း၌ လှုပ်ခတ်ခဲ့သောငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများခံစားခဲ့ရပြီး နေရပ်စွန့်ခွာကာ မန္တလေးတိုင်းဒေသကြီးအတွင်း ဘုန်းတော်ကြီးသင်စာသင်ကျောင်းများရှိ ကယ်ဆယ်ရေးစခန်းများတွင် မတတ်သာ၍ပြောင်းရွှေ့နေထိုင်နေကြရသော မြန်မာပြည်သူပြည်သားများအတွက် သုံးရေသိုလှောင်ကန်များနှင့် အရေးပေါ်ကယ်ဆယ်ရေးရွက်ဖျင်တဲများ ပါဝင်သည့် အရေးပေါ်ကူညီကယ်ဆယ်ရေးပစ္စည်းများကို ဂျပန်အစိုးရ၏အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်၊ လူ့ပတ်ဝန်းကျင်ဘေးကင်းလုံခြုံရေးဆိုင်ရာပူးပေါင်းကူညီရေးစီမံကိန်းအရ ထောက်ပံ့ပေးအပ်ရန် ဂျပန်နိုင်ငံအစိုးရက ဆုံးဖြတ်ခဲ့ပါသည်။

၁။ အထောက်အပံ့ရရှိမည့် ဘုန်းတော်ကြီးသင်စာသင်ကျောင်းများသည် ပဋိပက္ခဖြစ်ပွားမှုအခြေအနေများကြောင့် ကျောင်းပညာရေးမရရှိနိုင်သည့်ကလေးများအတွက် ပညာသင်ကြားရေးအခွင့်အရေးများ ဖန်တီးပေးသည့်အပြင် ပဋိပက္ခဖြစ်ပွားရာဒေသများမှ ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးနေခဲ့သော်လည်း ယခုအခါငလျင်ဒဏ်ကြောင့် အဆောက်အဦများ၊ ရေပေးဝေမှုစနစ်များ

ပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် လက်ရှိတွင်လည်း ၎င်းစာသင်ကျောင်းများသို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ အလုံအလောက်မရရှိသောကြောင့် လာရောက်ခိုလှုံသူများသည် အလွန်ခက်ခဲကျပ်တည်းသောအခြေအနေများနှင့်ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ယခုရရှိမည့်အထောက်အပံ့များဖြင့် ၎င်းဘုန်းတော်ကြီးသင်စာသင်ကျောင်းများတွင် ခိုလှုံနေကြရသော ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကလေးငယ်များ ဘေးကင်းလုံခြုံပြီး ကျန်းမာသန့်ရှင်းစွာ နေထိုင်နိုင်ကြမည်ဟု ယုံကြည်မျှော်လင့်လျက်ရှိပါသည်။

၂။ ဂျပန်နိုင်ငံအစိုးရသည် မြန်မာပြည်သူပြည်သားများ တိုက်ရိုက်အကျိုးခံစားရရှိစေမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို တက်ကြွစွာဖြင့် ဆက်လက်ထောက်ပံ့ကူညီသွားမည် ဖြစ်ပါသည်။

(ကိုးကားချက်) မြန်မာပြည်သူပြည်သားများအတွက် ဂျပန်အစိုးရ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ (၂၀၂၅ ခုနှစ် ဧပြီလ ၁၁ ရက်နေ့အထိ) (PDF(Japanese)/ PDF(English))